# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

## ဒေါ်အောင်ဆန်းစုကြည်၏အသက်(၆၀)ပြည့်မွေးနေ့အထိမ်းအမှတ်
## အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ မြန်မာနိုင်ငံအမျိုးသမီးထုသို့ပန်ကြားချက်

၂၀၀၅ ခု မေလ ၁၉ ရက်

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့**

လာမယ့် ၂၀၀၅ ခုနှစ်၊ ဇွန်လ(၁၉)ရက်နေ့ဟာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်(၆၀)ပြည့်မွေးနေ့ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ စစ်အစိုးရရဲ့ အကြိမ်ကြိမ်ဖမ်းဆီးချုပ်နှောင်မှုနဲ့ အသက်အန္တရာယ်ပြုမှုတွေကို ရင်ဆိုင်နေရပြီး သူမရဲ့ မွေးနေ့တွေကိုလည်း အချုပ်အနှောင်ခံရတာတွေနဲ့သာ ကျော်လွှန်ခဲ့ရပါတယ်။ အချုပ်အနှောင်ခံနေရတဲ့ကြားက သူမရဲ့ စိတ်ဓာတ်အင်အားကို ကျမတို့ ထင်ထင်ရှားရှား တွေ့မြင်နေကြရတယ်။ သူမရဲ့ စိတ်ဓာတ်အင်အားနဲ့ဦးဆောင်နေမှုဟာ ကျမတို့အားလုံးရဲ့နှလုံးရည်ကို အင်အားပြည့်ဝစေပါတယ်။ ကျမတို့ အမျိုးသမီးထုကလည်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ စိတ်ဓာတ်အင်အားနဲ့ဦးဆောင်မှုအရှိန်အဟုန်ကို တိုးမြှင့်ပေးကြရမယ်။ လူ့အဖွဲ့အစည်း ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျမတို့အမျိုးသမီးတွေ စိတ်ထက်သန်စွာနဲ့ စွမ်းစွမ်းတမန် လုပ်ဆောင်နေတာကိုလည်း မီးမောင်းထိုးပြရမှာဖြစ်ပါတယ်။

လူဦးရေထက်ဝက်ကျော်ရှိတဲ့ ကျမတို့အမျိုးသမီးထုရဲ့ အခန်းကဏ္ဍဟာ ကျမတို့ရဲ့နိုင်ငံရေးရပ်တည်မှုအတွက် တကယ်အရေးပါတဲ့ အင်အားဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ ကျမတို့အားလုံးရဲ့ရှေ့မှာ ဂုဏ်ယူလေးစားဖွယ်ရာ စံပြခေါင်းဆောင်အဖြစ် စစ်အစိုးရကို ပြတ်ပြတ်သားသား ဝေဖန်ထောက်ပြနေသူဖြစ်ပြီး လူ့အဖွဲ့အစည်းတိုးတက်ပြောင်းလဲရေးအတွက် ကိုယ်ကျိုးစွန့် ဦးဆောင်နေသူတဦးဖြစ်တယ်ဆိုတာကို အားလုံးက မှတ်တမ်းတင်ထားပြီးဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ခိုင်မာပြတ်သားတဲ့ စိတ်ဓာတ်ဟာလည်း ကျမတို့ အမျိုးသမီးအားလုံး အားကျအတုယူရတဲ့ စံနမူနာဖြစ်တယ်။

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့**

ကျမတို့ရဲ့နိုင်ငံ သာယာဝပြောလာစေဖို့ တတ်နိုင်တဲ့နည်းလမ်းတွေနဲ့ ဆထက်တပိုး စုပေါင်းလှုပ်ရှားဆောင်ရွက် ကြဖို့လိုအပ်လာပါပြီ။ ဒါဟာ ကျမတို့အားလုံးရဲ့ အသိစိတ်ဓာတ်နဲ့ပါဝင်ရမယ့် သမိုင်းပေးတာဝန်လည်းဖြစ်တယ်လို့ ဆိုချင် ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကောက်နုတ်ချက်တခုကို ပြန်လည်တင်ပြရမယ်ဆိုရင် ‘ဒီမိုကရေစီဆိုတာ ပြည်သူလူထု အုပ်ချုပ်ရေးဘဲ။ ပြည်သူလူထုအုပ်ချုပ်ရေးဆိုတော့ ပြည်သူလူထုမှာ တာဝန်အများကြီးရှိတာဘဲ။ တာဝန်နဲ့ အခွင့်အရေးဆိုတာ ခွဲခြားလို့မရပါဘူး။ ဒီမိုကရေစီအခွင့်အရေးကိုလိုချင်ရင် ဒီမိုကရေစီတာဝန်ကိုသိရမယ်’ဆိုတာပါဘဲ။ ကျမတို့ဟာ ဒီမိုကရေစီ အခွင့်အရေးကို လိုလားကြသူများဖြစ်တဲ့အတွက် ဒီမိုကရေစီတာဝန်ကို ရဲရဲဝံ့ဝံ့ ယူကြရပါမယ်။ ဒီနေ့ နိုင်ငံတကာက အမျိုးသမီးတွေ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိပ်ပိုင်းအဆင့်အထိ အသီးသီး တက်လှမ်းလုပ်ဆောင်နေကြချိန်မှာ ကျမတို့ ပြည်သူတွေ စစ်အုပ်ချုပ်မှုအောက်မှာ ဒုခမျိုးစုံခံနေရဆဲဖြစ်ပါတယ်။ ဒီလို အခြေအနေဆိုးတွေကနေ လွတ်မြောက်ဖို့ ကျမတို့အားလုံး နည်းမျိုးစုံနဲ့ လှုပ်ရှားမှုအရှိန်ကိုတိုးမြှင့်ပြီး ရုန်းထွက်ကြရမယ်။

**မြန်မာနိုင်ငံသူအမျိုးသမီးအပေါင်းတို့**

လာမယ့် ဇွန်လ(၁၉)ရက်နေ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်(၆၀)ပြည့်မွေးနေ့မှာ သူမရဲ့ နိုင်ငံရေးဦးဆောင်မှုအပေါ် ထောက်ခံကြောင်းနဲ့ ကျမတို့ရဲ့ လူ့အဖွဲ့အစည်းငြိမ်းချမ်းသာယာရေးအတွက် ရပ်တည်မှုကို တခဲနက် ထုတ်ဖော်ပြသတဲ့အနေနဲ့ ကျမတို့ အမျိုးသမီးတွေ အိမ်အပြင်မထွက်ဘဲနေပြီး၊ မထွက်မဖြစ် ထွက်ရရင်လည်း အဝါရောင် ပန်း၊ ဖဲကြိုး၊ ဖဲပြား၊ ဆံညှပ်၊ ကလစ်၊ အဝတ်အစား စတဲ့ အသုံးအဆောင်တခုခု ဝတ်ဆင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ သတင်းတံခါးပိတ်၊ ဖိနှိပ်ခံထားရတဲ့ ကျမတို့ ပြည်သူပြည်သားအားလုံးအတွက် ကိုယ့်အင်အားကို ကိုယ်ပြန်မြင်နိုင်ပြီး စိတ်ဓါတ်အင်အားတွေဖြစ်စေတဲ့ အဝါရောင်သင်္ကေတငြိမ်းချမ်းရေးတိုက်ပွဲကို မြန်မာနိုင်ငံသူအမျိုးသမီးထုတရပ်လုံး သတ္တိရှိရှိ၊ စည်းကမ်းရှိရှိနဲ့ တက်ညီလက်ညီ စည်းရုံးလှုံ့ဆော် ပါဝင်ဆင်နွှဲကြစို့။

ချစ်ခင်လေးစားစွာဖြင့်

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)

ဆက်သွယ်ရန် မိဆူးပွင့် ဖုံး – ၆၆ ၁ ၈၈၄ ၅၅၆၂ နန်းယဉ် ဖုံး – ၆၆ ၉ ၈၅၈ ၄၆၆၈ ဒေါ်မော်လီ ဖုံး –၉၁ ၁၁ ၂၈၅ ၃၈၈၅